# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်  ဥပဒေကို  ပြင်ဆင်သည့်ဥပဒေ
## (၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ၆။)
## ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၈ ရက်
## (၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည်  ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို  ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို  ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။
၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင်-
(က) ပုဒ်မ ၃ ကို   အောက်ပါအတိုင်း အစားထိုးရမည်-
''၃။ လွှတ်တော်ရွေးကောက်ပွဲများကို ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ နိုင်ငံရေး ပါတီများကို ကြီးကြပ်နိုင်ရေး အတွက်လည်းကောင်း နိုင်ငံတော်သမ္မတသည်  ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကို  ဖွဲ့စည်းရမည်။ ယင်းသို့ ဖွဲ့စည်းရာတွင် ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အနည်းဆုံး အဖွဲ့ဝင် ငါးဦးကို  ခန့်အပ်တာဝန် ပေးအပ်နိုင် သည်။''
(ခ) ပုဒ်မ ၄ ကို   အောက်ပါအတိုင်း အစားထိုးရမည်-
''၄။ ကော်မရှင်ဥက္ကဋ္ဌနှင့်   အဖွဲ့ဝင်များသည်-
(က) အသက်   ၅၀ နှစ်   ပြည့်ပြီးသူများ ဖြစ်ရမည်။
(ခ) အသက်ကန့်သတ်ချက်မှအပ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအတွက်သတ်မှတ်ထားသည့် အရည်အချင်းများနှင့်  ပြည့်စုံသူဖြစ်ရမည်။
(ဂ) (၁) ပြည်ထောင်စုတရားသူကြီးချုပ်  သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ်  ပြည်နယ်တရားလွှတ်တော်  တရားသူကြီးအဖြစ် ဖြစ်စေ၊ အလားတူရာထူးတာဝန် တစ်ခုခုတွင် ဖြစ်စေ အနည်းဆုံး ငါးနှစ် ဆောင်ရွက်ခဲ့သူဖြစ်ရမည်  သို့မဟုတ်၊
(၂) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ထက် မနိမ့်သော တရားရေးအရာရှိ  သို့မဟုတ် ဥပဒေ အရာရှိရာထူး တွင် အနည်းဆုံး ၁၀ နှစ် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ရမည် သို့မဟုတ်၊
(၃) တရားလွှတ်တော်ရှေ့နေအဖြစ်  အနည်းဆုံး ၂၀ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သူဖြစ်ရမည်  သို့မဟုတ်၊
(၄) ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်အဖြစ် နိုင်ငံတော် သမ္မတက ယူဆသူဖြစ်ရမည်။
(ဃ) သိက္ခာသမာဓိနှင့်ပြည့်စုံပြီး အတွေ့အကြုံရင့်ကျက်သူဖြစ်ရမည်။
(င) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မရှိစေသော ပြဋ္ဌာန်းချက်များနှင့် ငြိစွန်းခြင်းမရှိသူဖြစ်ရမည်။
(စ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာရှိသူဖြစ်ရမည်။
(ဆ) နိုင်ငံရေးပါတီဝင်မဟုတ်သူဖြစ်ရမည်။
(ဇ) လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူဖြစ်ရမည်။
(ဈ) လစာ၊ စရိတ်၊ ကြေးငွေရသော အခြားမည်သည့်ရာထူးကိုမျှ လက်ခံခြင်းမပြုသူဖြစ်ရမည်။''
(ဂ) ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည်-
''၆။ ရာထူးမှ နုတ်ထွက်ခြင်းကြောင့်ဖြစ်စေ၊ တာဝန်မှရပ်စဲခံရခြင်းကြောင့်ဖြစ်စေ၊ ကွယ်လွန်ခြင်းကြောင့် ဖြစ်စေ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်နေရာလစ်လပ်လျှင် နိုင်ငံတော်သမ္မတ သည် ဤဥပဒေနှင့်အညီ ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်အသစ် ခန့်အပ်တာဝန်ပေးနိုင်သည်။ ထိုသို့ ခန့်အပ် တာဝန်ပေးခြင်းခံရသော ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၏ ရာထူးသက်တမ်းသည် ကော်မရှင်၏ ကျန်ရှိသည့် သက်တမ်းအတွက်သာ ဖြစ်စေရမည်။''
(ဃ) ပုဒ်မ ၈ တွင် ပုဒ်မခွဲ(ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

‘‘(ည) ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(က)နှင့် (ခ)တို့အရ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုကြောင်း သက်ဆိုင်ရာမဲဆန္ဒနယ်၏ မူလမဲဆန္ဒရှင်များအနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က ကော်မရှင်သို့ တင်ပြလာလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၆၊ ပုဒ်မခွဲ(ဂ)၊ (ဃ)၊ (င) တို့နှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်း၊’’

(င) ပုဒ်မ ၈ တွင် ‘‘ပုဒ်မခွဲ(ည)ကို (ဋ) အဖြစ် လည်းကောင်း၊ ပုဒ်မခွဲ(ဋ) ကို (ဌ) အဖြစ်လည်းကောင်း၊ ပုဒ်မခွဲ(ဌ) ကို (ဍ) အဖြစ် လည်းကောင်း’’ ပြောင်းလဲသတ်မှတ်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**